## (၃) အာသောကမင်း၏ သာသာနာဖြန့်ချီခြင်း (ဘီစီ ၂၆၁)



ဘရာမီ မှ အာသောကရာဇာ၏ အမိန့်ပြန်တမ်း အမှတ် ၆ သံကျောက်တိုင်မှ အပိုင်းအစ (ဘီစီ ၂၃၆)၊ ဗြိတိသျှ ပြတိုက်



အိန္ဒိယနိုင်ငံ ဆန်ချီ အရပ်မှ ဌာပနာတိုက်ကြီး (ဘီစီ ၃ ရာစု)

မောရိယ ပြည့်ရှင် အာသောကမင်းကြီး (ဘီစီ ၂၇၃–၂၃၂) သည် အိန္ဒိပြည် အရှေ့ပိုင်း ယခုခေတ် အော်ရစ်သျှ ဟုတွင်သည့် ကလိင်္ဂနယ် ကလိင်္ဂသွေးချောင်းစီး စစ်ပွဲအား အောင်နိုင်ပြီးနောက် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ ပေသည်။ စက်ဆုတ်ရွံရှာဖွယ် ပဋိပက္ခများကို နောင်တရလျှက် မင်းကြီးသည် ပြသနာ အရေးအခင်းများကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဌာပနာတိုက်များတည်ဆောက်ခြင်း သတ္တဝါအားလုံး၏ အသက်ဇီဝအား လေးစားကြရန် မှတ်တိုင်များစိုက်ထူခြင်း လူသားတို့အား ဓမ္မတရားအား လိုက်နာစေရန် တိုက်တွန်း နှိုးဆော်ခြင်း များအားဖြင့် သာသနာပြုခဲ့သည်။ သူသည် နိုင်ငံအဝှမ်း လမ်းများဖေါက်လုပ်ခြင်း ဆေးရုံများ၊ ရိပ်သာများ၊ တက္ကသိုလ်ကျောင်းများ၊ တူးမြောင်းများ တည်ဆောက်ခြင်းများလည်း လုပ်ဆောင်ခဲ့ပေသည်။ သူသည် လူမျိုး ဘာသာ ဂိုဏ်း ဇတ်စနစ်များ မခွဲခြားဘဲ တန်းတူ ဆက်ဆံခဲ့ပေသည်။ ဤကာလသည် ဗုဒ္ဓဝါဒမှာ အိန္ဒိယမှ ကျော်လွန်လျှက် အခြားတိုင်းပြည်များသို့ ဦးစွာ ပထမပြန့်နှံ့သွားသော ကာလပင်ဖြစ်၍ အာသောကမင်းကြီး ချန်ထားခဲ့သော ကျောက်ပြား ကျောက်စာများအရ တောင်ဘက် သီရိလင်္ကာ၊ အနောက်ဘက် ဂရိဘုရင် နိုင်ငံများအထိပင် ဗုဒ္ဓသာသနာပြုရန် သာသနာပြု အဖွဲ့များ စေလွှတ်ခဲ့ကြောင်းတွေ့ရ၍ မြေထဲပင်လယ် ရပ်ဝှမ်းထိပင် ပေါက်ရောက်ခဲ့ဟန်ရှိပေသည်။

### (၃–၁) တတိယ သံဃာယနာ (ဘီစီ ၂၅၀)

အာသောကမင်းသည် ယနေ့ခေတ် ပတ္တနာ မည်သော ပါဋလိပုတ်အရပ်၌ ဘီစီ ၂၅၀ ပတ်ဝန်းကျင်တွင် တတိယ သံဃာယနာကို တင်စေခဲ့သည်။ ၎င်းကို အရှင် မောဂ္ဂလိပုတ္တတိဿ ကြီးမှူး၍ ကျင်းပခဲ့ပေသည်။ ရည်ရွယ်ချက် မှာ သံဃာများ အထူးသဖြင့် နန်းတွင်းနှင့် ဆက်နွယ်နေသည့် ရဟန်းများ သန့်စင်စေရန်ပင် ဖြစ်သည်။

ထိုသံဃာယနာတွင် ရှင်မောဂ္ဂလိပုတ္တတိဿက ယခင် သံဃာယနာများတွင် မပါဝင်သော ကထာဝတ္ထုကျမ်းကို ရွတ်ဖတ်၍ ပိဋကတော်၌ အစီအစဉ်ထည့်သွင်းသည်ကို သဘောထားကွဲသော ရဟန်းများက ရာဇဂြိုလ်အနီး နာလန်ဒါမြို့၌ စင်ပြိုင်သံဃာယနာကို တင်ခဲ့ပြန်သည်။

သို့သော် အာဏာရှိသော သူတို့၏ ထောက်ခံသော အယူသည် အနိုင်ရမြဲ ဖြစ်သည့် ဓမ္မတာအတိုင်း အာသော က မင်းထောက်ခံသော အယူဝါဒကို ဗုဒ္ဓသာသာနာပြုများဖြင့် ထိုစဉ်က သူတို့သိထားသော ကမ္ဘာ့အရပ် ဒေသ များသို့ စေလွှတ် သာသနာပြုခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

## (၃–၂) ဂရိခေါမသို့

အချို့သော အာသောကဏ်၏ အမိန့်ပြန်တမ်း ကမ္ပည်းကျောက်စာများက အာသောကမင်းသည် ဂရိ (ခေါမ) ကမ္ဘာ သို့လည်း ဗုဒ္ဓသာသနာဖြန့်ချိရန် အားစိုက်ခဲ့ကြောင်း ဖော်ပြပေသည်။ ထိုအချိန်က အိန္ဒိယမှ ဂရိအထိ နယ်နမိတ် ပိုင်းခြား အဆက်ပြတ်မှု မရှိခဲ့ချ။ အမိန့်ပြန်တမ်းများသည် ဂရိ (ခေါမ) ပိုင်နယ်များသို့ သိသာထင်ရှားသည့် နိုင်ငံရေး စည်းရုံးခြင်းမျိုး ဖြစ်ကြောင်း ဖော်ပြနေပေသည်။ ဂရိကေရာဇ် လွှမ်းမိုးချိန်ကာလ ဗုဒ္ဓသာသနာပြုခြင်းကို လက်ခံရသည့် ဘုရင်များ၏ အမည်များမှာ Antiochus II Theos of the Seleucid Kingdom စီလီယူ စစ်ဒ် ဘုရင်နိုင်ငံမှ အင်တီယိုချပ် ၂ သီးအို့စ် (ဘီစီ ၂၆၄–၂၄၇)။ Ptolemy II Philadelphos of Egypt အီဂျစ်မှ ပတိုလီမီ ဖီလာဒဲဖ်လို။ Antigonus Gonatas of Macedonia မက်ဆီဒိုနီးယားမှ အင်တီဂိုးနာ့စ် ဂိုတာနာ (ဘီစီ ၂၇၆–၂၃၉)။ Magas of Cyrene စီရိုးန် (ယခု လက်ဗျား) မှ မဂ္ဂါ့စ် (ဘီစီ ၂၈၈–၂၅၈)။ Alexander II of Epirus အီးပ်ရပ်စ် (ယခု ဂရီးစ် အနောက်မြောက်ပိုင်း) မှ အလက်ဇန်းဒြား ၂ (ဘီစီ ၂၇၂–၂၅၅) တို့ပင် ဖြစ်ပေသည်။




အာသောကလက်ထက် ဗုဒ္ဓသာသနာပြုခြင်း (ဘီစီ ၂၆၀– ၂၁၈) အာသာက အမိန့်ပြန်တမ်းအရ–

> “ဤဒေသ၊ နယ်စပ်များ၊ ထိုမှ ယူဇနာ ၆၀၀ (၅၄၀၀– ၉၆၀၀ ကီလိုမီတာ) ကွာဝေးသည့် ဂရိဘုရင် အင်တီယိုကျို အုပ်ချုပ်သည်ထိ၊ ထိုထက်ကျော်၍ ဘုရင်လေးပါးဖြစ်သည့် ပတိုလီမီ၏ အင်တီဂိုနော့စ်၊ မဂ္ဂစ် နှင့် အလက်ဇန်းဒြား အုပ်ချုပ်သည့်ဒေသများ၊ အလားတူ တောင်ပိုင်း ကျို့ချ် (ကျိုလီယာ) ပန်ဒေးစ်၊ နှင့် တမ်ရာပါနီ (သီရိလင်္ကာ) ထိတိုင် ဓမ္မ၏ အောင်နိုင်မှု၌ ရှိ၏။” (အာသောက ပြန်တမ်း အမှတ် ၁၃၊ တောင် ဒမီကာ)။ ဟူ၍လည်းကောင်း

ထို့ထက်ပို၍ ပါဠိကောက်ကြောင်းများအရ အာသောက၏ အချို့သော အထောက်တော်များသည် ဂရိ ဗုဒ္ဓ ရဟန်းတော်များပင် ဖြစ်ခဲ့၍ ယဉ်ကျေးမှု နှစ်ခုကြား၌ ဘာသာရေး ကူးလူးမှု နီးကပ်ခဲ့ကြောင်း တွေ့ရသည်မှာ–

> “ထေရ် (အကြီးအကဲ) မောဂ္ဂလိပုတ္တနှင့် သာသနာ၏ ရောင်ခြည် ကေရာဇ်မင်း (အာသောက) တို့ သံဃာယနာကို ဆောင်ကြဉ်းပြီးသောအခါ၊ ထေရ်လေးပါးအား ဟိုတစ်ပါး ဒီတစ်ပါးနှင့် **တပါရန်တက** (ဂုဂျရတ်နှင့် ဆင်းဂ် များကို ရည်သန်သော အနောက်ပြည်များသို့) စေလွှတ်လျက်၊ သူသည် ဂရိ (ယွန်း) သို့ စေလွှတ်သူများကို ဓမ္မရက္ခိတဟု ကင်းပွန်းပေးခဲ့၏။ (မဟာဝံသ ၁၂)။ ဟူ၍ ဖြစ်၏။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



**အာသောကမင်း၏ ဂရိ အာရာမစ် နှစ်ဘာသာ ကမ္ပည်းကျောက်စာ (ကန်ဒဟာ၊ ကဘူးလ် ပြတိုက်)**

အာသောက၏ အချို့သော အထောက်တော်များသည် ဂရိလူမျိုးများ ဖြစ်သည်ဟူသည့် အချက်ကို သဘောထား ကိုက်ညီသည့် ဒေါက်တာ ရာနန်ဂျစ်ပေါလ်၏ စူးစမ်းမှုဖြစ်သော "အာသောကသည် အင်ဒို–ဂရိဘုရင် ဒီယို ဒိုး တပ် နှင့် အတူတူပင်။ သူသည် ဓမ္မသတ်များကို ဂရိဘာသာစကား၊ အာရာမစ် ဘာသာ စကားများဖြင့် ရေးထိုး ခဲ့၏၊ ၎င်းတို့အနက် တစ်ခုမှာ ကန်ဒဟာ ကျောက်စာတွင် ဖေါ်ပြသည့်  ဘာသာရေး ကိုင်းရှိုင်းမှု ဟူသည့် ဂရိ ဝေါဟာရ "ယူစီဘီးယား" အသုံးဖြစ်၍ "ဓမ္မ" အတွက် သုံးခြင်းပင်" ဖြစ်၏။ ၎င်းမှာ–

> "၁၀ နှစ် ပြည့်မြောက်ပြီးနောက်၊ ဘုရင် ပီအိုဒါဆီစ် (အာသောက)သည် လူသားများ အတွက် ဘာသာရေး ကိုင်းရှိုင်းမှု (ဂရိ–ယူစီးဘီးယား) ကို အများသိရန် ပြု၏။ ဤကာလမှစ၍ သူသည် လူသား တို့အား ပိုမို၍ ဘာသာတရား၌ ကြည်ညိုစေ၏၊ လောကအလုံး၌ အရာရာတို့အား ပေါများကြွယ်ဝ စေ၏။" (ဂျီပီ ကာရာတယ်လီ၏ ဂရိ မူရင်းမှ ပြန်ဆို)၊ ဟု ဖြစ်၏။

မည်မျှ အပြန်အလှန် ဩဇာသက်ရောက်သည်မှာ ရှင်းလင်းပြတ်သားမှု မရှိပေ။ သို့သော် အချို့သော စာရေး ဆရာများ၏ ထင်မြင်ချက်မှာ ဂရိဝါဒီများနှင့် ဗုဒ္ဓဝါဒီများ အကြားရှိ ဆင်ခရစ်ဝါဒ ရေချိန်တစ်ချို့သည် ထိုအချိန်မှ ပင် ဂရီနယ်မြေများ၌ စတင်ခဲ့သည် ဟူ၏။ သူတို့၏ ထောက်ပြချက်မှာ ထိုကာလကပင် ဂရိနယ်မြေများ၌ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းများ ရှိနေခဲ့ခြင်း ဖြစ်၍၊ အထူးသဖြင့် အလက်ဇန်းဒြား (စိန့်ကလီမင့် အလက်ဇန်းဒြား) နှင့် ခရစ်ယာန် ခေတ်ကြို ကာလက ဗုဒ္ဓရဟန်းများ၏ ဩဝါဒ၊ ကျင့်ကြံမှုများနှင့် လုံးဝနီးပါးတူသော၊ အာသောက မင်း၏ အနောက်ဘက်သို့ အထောက်တော်များမှ ဆင်းသက် လာဘွယ်ရှိသော ထေရယူထ (ပါဠိ–ထေရဝါဒမှ ပြောင်းလည်းဟန်ရှိ) များပင် ဖြစ်၏။ စီးရ်န်မြို့ (ယခု လက်ဗျား) မှ အတွေးအခေါ် ပညာရှင် ဟီဂ်စီစ် ကိုပင် အာသောက စေလွှတ်သော သာသနာပြု အဖွဲ့၏ ဩဇာလွှမ်းခံရသူဟု ထင်မှတ်ရပေ၏။

အလက်ဇန်ဒြား၌ ပတိုလီမစ် ခေတ်ကာလမှ ဗုဒ္ဓဘာသာဝင်များ၏ ဓမ္မစကြာပုံ အမှတ်များဖြင့် သင်္ချိုင်းဂူများကို လည်း တွေ့ရှိရပေ၏။ အလက်ဇန်းဒြားတွင် ဗုဒ္ဓဘာသာဝင်များ တည်ရှိခဲ့မှုနှင့် ပတ်သက်လျှက် အချို့ သုတေသီ များ၏ ထောက်ပြချက်များမှာ ဤနေရာများ၌ ခရစ်ယာန် စင်တာများအား တည်ထောင်မှုများမှာ နောက်ပိုင်း တွင်မှ ဖြစ်ခဲ့ပေသည် ဟူ၏။ (ရောဘတ် လင်စ်ဆင်)။

အေဒီ ၂ ရာစု အလက်ဇန်းဒြား ခရစ်ယာန် တရားသေဝါဒီများက ခေါင်းနှစ်လုံး ဗုဒ္ဓဘာသာ (သာမနေ) နှင့် အိန္ဒိ အဝတ်အစားမဲ့ ရဟန်းများ (ဂရိအခေါ် ဂျင်နိုဆိုဖစ်များ) ၏ ဂရိအတွေးခေါ်များပေါ် ဩဇာသက်ရောက်မှုများကို အသိအမှတ်ပြုခဲ့သည်မှာ–

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

> “ဤသို့ အရာတစ်ခု၏ အမြင့်ဆုံးသော ဂုဏ်ရည်ဖြစ်သော အတွေးအခေါ်များသည် ရေးမဖွံ့ဖြိုးသေး သော လူမျိုးတို့အား အားသစ်သွန်းပေး၍ တိုင်းဒေသများအပေါ်သို့ ၎င်း၏ အလင်းရောင်အား သွန်း ချပေး၏။ ထိုမှ ၎င်းသည် ဂရိသို့ ရောက်ရှိလာ၏၊ ပထမဦးစွာ ၎င်း၏ အဆွယ်မှာ အီဂျစ်လူမျိုးများ၏ တမန်တော်များ အစ်ဆီရီးယန်းတို့၏ ကာလ်ဒီးန်း (ဘာသာရေး ခေါင်းဆောင်) များ၊ **ဂူးလ်** တို့၏ ဆဲလ်တစ်ဘုန်းကြီးများ၊ **ဘရက်တန်** တို့၏ စာမန (သာမနေ)များ၊ ဆဲ့လ်တို့၏ ဒသန ပညာရှင်များ၊ ရှင်သန်မွေးထခြင်း အကြောင်းကို ဟောပြော၍ ကြယ်တာရာတို့၏ လမ်းညွှန်ဖြင့် ဂျူဒ (ယုဒ)နယ်များ သို့ ရောက်လာသော ပါရှန်တို့၏ မဂ္ဂိများ ပင်ဖြစ်၍၊ အိန္ဒိယ အဝတ်အစားမဲ့ ရဟန်းများနှင့် ရေးတော နေ လူရိုင်းများ၏ ဒသန ပညာရှင်များသည်လည်း ထိုအနက်တွင် ပါဝင်၏၊ သူတို့အား နှစ်မျိုးနှစ်စား ခွဲခြားလျှက် အချို့ကို စာမန (သာမနေ) များဟု လည်းကောင်း အချို့ကို ဗြမ္မာများဟုလည်းကောင်း ခေါ်တွင်၏။” ဟု ဖြစ်၏။ (ကလီးမင့်တ် အော့ဖ် အလက်ဇန်းဒြား၊ **စထွန်းမက်တ** သို့မဟုတ် သောင်ပြောင်းထွေ လာ စာအုပ်အမှတ် ၁ အခန်း ၁၅)

ဒွန်နယ် အေ မက်ကင်းဇီး ၏ စိန့် အိုရီဂင် စာအုပ်အရ ခရစ်နှစ် (၂) ရာစု ဗြိတန် ခရစ်ယာန်ခေတ်ကြို ကာလ တွင် ဗုဒ္ဓဘာသာသည် ဆဲလ်တစ် ဘုန်းကြီးများနှင့် အတူ တည်ရှိနေသည် ဟု ဆို၏။ ထိုစာအုပ်တွင်–

“ဘုရားဖြစ်ခွင့်ရခြင်း (ဘုရားဦးခေါင်းအဖြစ် ဓါတ်တော်ကူခြင်း) အယူအဆကို သွန်သင်စွဲမြဲစေသည့် ဗုဒ္ဓ ဘာသာနှင့် ဆဲလ်တစ်ဘုန်းကြီးများ၏ အဆုံးအမများကြောင့် ကျွန်း (ဗြိတိန်)သည် ခရစ်ယာန်ဖြစ်ရန် အလားအလာမှာ ရေးကပင် အားကောင်းနေခဲ့ပေသည်။” (အိုရီဂင်– အီဇီကိုင်း ဖွင့်ဆိုချက်)

## (၃–၃) သီရိလင်္ကာနှင့် မြန်မာသို့ ပြန့်နှံ့ခြင်း

သီရိလင်္ကာသည် အာသောက၏ သား မဟိန္ဒနှင့် အဖော် ၆ ဦးကြောင့် ဘီစီ ၂ ရာစုအတွင်းတွင် ဘာသာပြောင်း ခဲ့ရသည်။ သူတို့သည် ဘုရင်ကြီး ဒေဝနံပိယ တစ္စနှင့် မှူးမတ်များစွာကို သာသနာပြောင်းစေခဲ့သည်။ ဤအချိန် ကာလသည် ရှေးရိုးစွဲ ဆင်ဟာလိတို့၏ ဗဟိုဖြစ်သည့် မဟာဝိဟာရ ဘုန်းကြီးကျောင်းကို တည်ဆောက်သော ကာလဖြစ်ပေသည်။ ပါဠိ ပိဋကတော်အား မင်းကြီး ဝိတ္တဂါမနီ လက်ထက် ဘီစီ ၂၉– ၁၇ ခုနှစ်များတွင် သီရိ လင်္ကာ၌ မှတ်တမ်းတင် ရေးမှတ်ခဲ့ခြင်း ဖြစ်၍ ထို၌ ထေရဝါဒ ရိုးရာ အားကောင်းခဲ့ပေသည်။ နောက်ပိုင်းတွင် **ဗုဒ္ဓဃောသ** (အေဒီ ၄– ၅ ရာစု) ကဲ့သို့ အချို့သော အဌကထာ ပညာရှင်များ ထွန်းကားခဲ့၍ သူတို့သည် ရိုးရာ ပြွန်းသော အဌကထာများကို စနစ်တကျ ပြုစုခဲ့ပေသည်။ ထိုကာလတွင် မဟာယန ဝါဒမှာ သီရိလင်္ကာ၌ အထိုက်အလျောက် ဩဇာလွှမ်းမိုးသော်လည်း ထေရဝါဒမှ အပြီးတိုင် ချုပ်ကိုင်နိုင်ပြီး သီရိလင်္ကာသည် ထေရ ဝါဒ အမာခံနယ်မြေ ဖြစ်လာခဲ့ကာ ထိုမှတဆင့် ၁၁ ရာစုမှ စတင်၍ အရှေ့တောင်အာရှသို့ ပြန့်နှံ့ခဲ့ပေသည်။

အိန္ဒိယ တိုက်ငယ်၏ အရှေ့ဘက်နယ် (ယခုခေတ် မြန်မာနှင့် ထိုင်း) ဒေသများတွင် အိန္ဒိယဉ်ကျေးမှုမှာ မွန်လူမျိုး အပေါ်သို့ အကြီးအကျယ် လွှမ်းမိုးခဲ့ပေသည်။ မဟာယန၊ ဟိနယန ဂိုဏ်းများ မကွဲမီ ဘီစီ ၃ ရာစုမှ စတင်၍ အိန္ဒိယ ဧကရာဇ် အာသောကရာဇာ၏ သာသနာပြုခြင်းကို မွန်တို့သည် ခံရသည်ဟု ဆိုပေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပိသနိုးကဲ့သို့ ရှေ့ကျသော မွန်ဗုဒ္ဓကျောင်းဆောင်များသည် အေဒီ ၁ ရာစုနှင့် ၅ ရာစု ကြား ကာလ ကပင် ရှိနေပေသည်။

(ဗိသနိုးသည် မွန်တို့လွှမ်းမိုးရာ ဒေသ ဖြစ်ခဲ့သည် ဆိုခြင်းမှာ ကျွန်ုပ်သဘောဖြင့် သမိုင်းရေးခြင်း မဟုတ်ပါ၊ ကျွန်ုပ် အနေဖြင့် ဤ သမိုင်းကို ဝက်ဘ်ဆိုဒ်ပေါ်မှ History of Buddhism ဆိုသည်ကို ဘာသာပြန်ခြင်းသာ ဖြစ်ပါသည်။)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



**ဒွာရာဝတီမှ မွန် ဓမ္မစကြာပုံ (အေဒီ ၈ ရာစု)**

အထူးသဖြင့် အိန္ဒိယ၏ **ဂုပ်တ** ယာဉ်ကျေးမှုနှင့် **ဂုပ်တ** မတိုင်မီ ကာလ ယဉ်ကျေးမှုများ လွှမ်းမိုးသော မွန်တို့၏ ဗုဒ္ဓယဉ်ကျေးမှုများသည် အေဒီ ၅ ရာစုနှင့် ၈ ရာစုအကြား ထွန်းကားခဲ့သော မွန်ဘုရင့်နိုင်ငံများ၏ အောက်တွင် အရှေ့တောင်အာရှ တလျှောက်ပြန့်နှံ့ခဲ့ပေသည်။ အေဒီ ၆ ရာစုပတ်ဝန်းကျင်မှ စ၍ မဟာယန ဗုဒ္ဓဘာသာ တရွေ့ရွေ့ပွားများနေသော အရှေ့တောင်အာရှ၏ မြောက်ဘက်ပိုင်းတွင် မွန်တို့၏ သြဇာအောက်၌ ထေရဝါဒ ထွန်းကားလာခဲ့ပေသည်။

အာသောက ယတန (အေဒီ ၂ ရာစု) အရ အာသောကမင်းသည် မြောက်ဘက် ဟိမဝန္တာကို ဖြတ်လျှက် တာ ရင်း မြစ်ဝှမ်းဒေသ ခိုရန်ဒေသ၊ အင်ဒို ဥရောပ စကားပြောသော တိုခါရီယန်တိုင်းဒေသများသို့ သာသနာပြုများ စေလွှတ်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com